# EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR, TOKYO

NEWSLETTER VOLUME NO. 11

DATED: December 2024

| စဉ် | အကြောင်းအရာ |
| --- | --- |
| ၁။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား |
| ၂။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ |
| ၃။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့် |
| ၄။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်္ဂမအကြိမ် မဟာမဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်) ထိပ်သီးအစည်းအဝေးသို့ တက်ရောက် |
| ၅။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေးသို့ တက်ရောက် |
| ၆။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ကျင်းပပြုလုပ်သည့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်လာသော ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarn Shinawatra နှင့် တွေ့ဆုံဆွေးနွေး |
| ၇။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ်ပါတီကော်မတီ အတွင်းရေးမှူး Mr. Yuan Jiajun နှင့် တွေ့ဆုံဆွေးနွေး |
| ၈။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကမြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ |
| ၉။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ရှိ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ရုံးချုပ်မှ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Mr. Edward Chaker Chaiban ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ |

| | |
|---|---|
| ၁၀။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေအဖွဲ့ (Global Fund) မှ Senior Fund Portfolio Manager ဖြစ်သူ Ms. Maria Izaskun Gaviria Ayucar အား လက်ခံတွေ့ဆုံ |
| ၁၁။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (United Nations World Food Programme - WFP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်က ခန့်အပ်လွှာ လာရောက်ပေးအပ် |
| ၁၂။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဖြစ်သူ Mr. Pyotr ILYICHEV အား လက်ခံတွေ့ဆုံ |
| ၁၃။ | The 2024 KYOTO PRIZE ဆုပေးပွဲ အခမ်းအနားသို့ မြန်မာသံအမတ်ကြီး ပါဝင်တက်ရောက် |
| ၁၄။ | (၃၂၃) ကြိမ်မြောက် အာဆီယံကော်မတီ (တိုကျို)အစည်းအဝေးသို့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ပါဝင်တက်ရောက် |
| ၁၅။ | မြန်မာသံရုံး၊ တိုကျိုမြို့တွင် မြန်မာ့ယဉ်ကျေးမှုနှင့် ရိုးရာအစားအစာနေ့ (Myanmar Culture and Cuisine Day) အခမ်းအနားကျင်းပပြုလုပ် |
| ၁၆။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် သည် ရန်ကုန်မြို့ရှိ ဗိလစ်ပိုင်သံရုံး၊ သံရုံးယာယီတာဝန်ခံဖြစ်သူ မစ္စတာ အန်နရီကဲ ဘိုလ်တဲ ပင်ငို အား လက်ခံတွေ့ဆုံ |
| ၁၇။ | အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက် |
| ၁၈။ | မြန်မာသံရုံး၊ တိုကျိုမြို့တွင် မြန်မာတိုင်းရင်းသားဝတ်စုံများဖြင့် ဂျပန်ရိုးရာအိတ်များ ကိုင်ဆောင် အလှပြပွဲ အခမ်းအနား ကျင်းပပြုလုပ် |
| ၁၉။ | မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄ ဘဏ္ဍာနှစ် ပထမနှစ်ဝက်တွင် ပုဇွန်တန်ချိန် ၃,၀၀၀ ကျော်ကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့ |

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၂၁

ပြည်ထောင်စုအစိုးရ အဖွဲ့အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၄)ကို နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားခဲ့သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခဲ့ကြောင်း၊ အများစုကောက်ခံပြီးဖြစ်သော်လည်း ဆက်လက်၍ ကောက်ယူရန်ရှိသည့် နေရာများကျန်ရှိနေသေးကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများ အားလုံးကို နိုင်ငံတော်အနေဖြင့် အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း။

ရေဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းပမာဏကျယ်ပြန့်သဖြင့် နိုင်ငံတော်၏ ဘတ်ဂျက်အပြင် ပြည်သူလူထု တစ်ရပ်လုံးပါဝင်ရန် လိုအပ်သဖြင့် နိုင်ငံတော်အဆင့် အလှူငွေလက်ခံခြင်းကို သုံးကြိမ်ဆောင်ရွက်ခဲ့ရာ အလှူငွေ ၅၃ ဘီလီယံကျော် ရရှိခဲ့ကြောင်း၊ တစ်ဦးချင်း၊ အဖွဲ့အစည်းတစ်ခုချင်းအနေဖြင့်လည်း သက်ဆိုင်ရာ နေရာအသီးသီးသို့ သွားရောက်လှူဒါန်းခြင်း၊ ဝိုင်းဝန်းကူညီခြင်းများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း၊ ထို့ပြင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီအသင်း အဖွဲ့များကလည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြကြောင်းနှင့် ထိုကဲ့သို့ ကူညီဆောင်ရွက် ပေးခဲ့မှုများနှင့် စေတနာရှင်၊ အလှူရှင်များအားလုံး၏ လှူဒါန်းမှုများကို နိုင်ငံတော်အနေဖြင့် ကျေးဇူးတင် အသိအမှတ်ပြု မှတ်တမ်းတင်အပ်ပါကြောင်း။

နိုင်ငံတွင်ရှိပြီးဖြစ်သည့် သစ်၊ ဝါး၊ ကြိမ်နှင့် အခြားသစ်တောထွက် ပစ္စည်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း ပို့ကုန်ပစ္စည်းများအထိ အဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ပြီး ထိုသို့ဆောင်ရွက်နိုင်ရေးအတွက်လည်း အခွင့်အလမ်းနှင့်

EMBASSY OF MYANMAR, TOKYO

နည်းပညာများ ဖန်တီးပေးနိုင်ရမည် ဖြစ်ကြောင်း၊ သစ်တောထွက်ပစ္စည်းများကို ထုတ်ယူပြီးပါက ပြန်လည်စိုက်ပျိုးကြရန်လည်း လိုကြောင်း၊ တိုင်းပြည်၏ အခြေခံအရင်းအမြစ်များကို အကျိုးရှိရှိ အသုံးချနိုင်မည်ဆိုပါက အကျိုးရှိ မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနများအလိုက် ရည်မှန်းချက်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အမျိုးသားစီမံကိန်းများမှ အဓိကအချက်များကို ဦးစားပေးအနေဖြင့် အကောင် အထည်ဖော်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ရည်မှန်းပြီး လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် အခြားကြိုတင် ပြင်ဆင် ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ စနစ်တကျဖြင့် အောင်မြင်အောင်ကျင်းပ နိုင်ရေး ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး စီးပွားရေးရည်မှန်းချက်ကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် စီးပွားရေးစီမံကိန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများမှ စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းတာဝန်များ အောင်မြင်မည်ဖြစ်ကြောင်း၊ ရည်မှန်းချက်များကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် မိမိတို့ ထမ်းဆောင်ရမည့်လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍လည်း စည်းကမ်းစနစ်တကျ ဖြစ်စေရေး ကြပ်မတ် ဆောင်ရွက်ရန်လိုကြောင်း စသည်ဖြင့် မှာကြားခဲ့ပါသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး H.E. Mr. Heuangseng KHAMADALAVONG အား နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး၊ သံတမန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ခိုင်မာသောမိတ်ဆွေနိုင်ငံများအဖြစ် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်း နိုင်ငံများဖြစ်သည်နှင့်အညီ သမိုင်းတစ်လျှောက် နှစ်နိုင်ငံအကြား အပြန်အလှန် ကူညီဆောင်ရွက်ပေးမှု အခြေအနေများ၊ ချစ်ကြည်ရေးခရီးများ အပြန်အလှန်လည်ပတ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်နိုင်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းပျံသန်းလျက်ရှိမှုနှင့် အပြန်အလှန်ကုန်သွယ်မှုများ မြှင့်တင်နိုင်သည့် အခြေအနေများနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

EMBASSY OF MYANMAR, TOKYO



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီး H.E. Mr. Heuangseng KHAMADALAVONG
အားလက်ခံတွေ့ဆုံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီး H.E. Mr. Heuangseng KHAMADALAVONG အား
ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၂

မြန်မာနိုင်ငံတွင် မီတင်းနေထိုင်ကြသည့် ဟိန္ဒူဘာသာဝင်များ စုပေါင်းကျင်းပသည့် ဒီပါဝလီအထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့၊ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဟိန္ဒူရိုးရာ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ပြောကြားရာတွင် ဒီပါဝလီပွဲတော်သည် ဟိန္ဒူဘာသာဝင်တို့၏ ရိုးရာမီးထွန်းပွဲတော်ဖြစ်ပြီး “ဒီပ” ဟူသည့် မီးအလင်းရောင်နှင့် “အာဝလိ” ဟူသည့် စီတန်းခြင်းဟူသော အဓိပ္ပာယ်တို့ပေါင်းစပ်၍ ဆီမီးအလင်းရောင်များဖြင့် စီတန်းထွန်းညှိ ပူဇော်ခြင်း အဓိပ္ပာယ်ရသည်ဟု သိရှိရပါကြောင်း၊ ထိုသို့ဆီမီးပူဇော်ခြင်းအားဖြင့် အလင်းမှ အမှောင်ကို ခွင်းနိုင်သကဲ့သို့ မကောင်းသည့်အခြေအနေဆိုးမှ ကောင်းခြင်းတရားများ ရောက်ရှိလာစေရန်၊ မျှော်လင့်ချက်ရောင်ခြည်များပေါ်ထွန်းလာစေရန်ဟူသည့် ယုံကြည်ချက်များဖြင့် ယခုကဲ့သို့ ဆီမီးပူဇော်ကြသည်ဟု သိရှိရပါကြောင်း၊ စာပေ၌ “အမှောင်ခွင်း၍ အလင်းဆောင်အံ့”ဟု ဆိုကြပြီး အလင်းရောင်သည် လူသားတို့အားလုံးအတွက် ကောင်းကျိုးဖြစ်စေမည့် အဓိကခွန်အား၊ စွမ်းအား ဖြစ်ကာ အလွန်ပင်အဓိပ္ပာယ်ရှိပါကြောင်း၊ ဟိန္ဒူဘာသာဝင်များအနေဖြင့် ယခုကဲ့သို့ ပွဲတော်ကျင်းပသည့်အခါသမယတွင် ရိုးရာဓလေ့ထုံးတမ်းများနှင့်အညီ ဘုရားကျောင်းများ၊ နေအိမ်များတွင် ဆီမီးများကို လှပစွာထွန်းညှိပူဇော်ကြခြင်းသည် ဘဝ၏တိုးတက်မှုခွန်အားများကို အားလုံးရစေမည်ဟု ယုံကြည်ပါကြောင်း။

ယခုနှစ်ကျင်းပသည့် ဒီပါဝလီနေ့အထိမ်းအမှတ် အခမ်းအနားသည် ယခင်နှစ်များနှင့်မတူဘဲ မြန်မာနိုင်ငံအတွင်း၌ရှိသည့် ဟိန္ဒူဘာသာရေး အဖွဲ့အစည်းများအပါအဝင် လူမှုရေးအဖွဲ့အစည်းများအားလုံးနှင့် ဘာသာဝင်များ၊ အခြားသောဘာသာဝင်များ စုပေါင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်သွားခြင်းဖြစ်ကြောင်း၊ ယင်းသည် မြန်မာနိုင်ငံအတွင်း၌ရှိသည့် မတူကွဲပြားသည့် ဘာသာဝင်များအကြား သင့်မြတ်ညီညွတ်မှုကို ပြသခြင်းဖြစ်သည်ဟု ယုံကြည်


EMBASSY OF MYANMAR, TOKYO

ပါကြောင်း၊ ဟိန္ဒူဘာသာဝင် များအားလုံး စုစုစည်းစည်း ပါဝင်ဆင်နွှဲခြင်းသည် မှတ်တိုင်တစ်ခု ဖြစ်သည့်အတွက် မိမိအနေဖြင့် အထူးဝမ်းမြောက် ဂုဏ်ယူပါကြောင်း ပြောကြားလိုပါကြောင်း။

ယခုကဲ့သို့ ဟိန္ဒူဘာသာဝင်များ၏ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် ဆီမီးထွန်းညှိပူဇော်ခြင်းပွဲတော်ကာလမှစပြီး မိမိတို့နိုင်ငံသားအားလုံးက တစ်ဦးအပေါ်တစ်ဦး ချစ်ခင်လေးစားမှု၊ နားလည် ခွင့်လွှတ်မှုများ မျှဝေပေးပြီး နိုင်ငံတော်နှင့် ကမ္ဘာကြီးတွင် ငြိမ်းချမ်းသာယာမှုများ ဖြစ်ပေါ်လာအောင် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုဆုမွန်ကောင်း စကားပြောကြားခဲ့ပါသည်။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် အိန္ဒိယနိုင်ငံ သံအမတ်ကြီးတို့ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြစဉ်။**




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားတွင် ဆန္ဒပြုဆုမွန်ကောင်း စကားပြောကြားစဉ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဋ္ဌမအကြိမ် မဟာမဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ နိုဝင်ဘာလ ၆ ရက်နေ့မှ ၇ ရက်နေ့ အထိ ကျင်းပမည့် အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး 8th Greater Mekong Subregion (GMS) Summit ၊ 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit နှင့် 11th Cambodia-Lao PDR-Myanmar-Vietnam (CLMV) Summit သို့ တက်ရောက်ရန်အတွက် နိုဝင်ဘာလ ၅ ရက်နေ့တွင် အပြည်ပြည် ဆိုင်ရာ မြန်မာ့လေကြောင်း (MAI) ဖြင့် နေပြည်တော်တပ်မတော် လေဆိပ်မှ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ကူမင်းမြို့သို့ ထွက်ခွာသွားခဲ့သည်။

ခရီးစဉ်အတွင်း တရုတ်-မြန်မာ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံပွဲကို နိုဝင်ဘာလ ၅ ရက်နေ့ နေ့လယ်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ HUALUXE Kunming Hotel ၌ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ဦးစွာ မိမိအနေဖြင့် မြန်မာနိုင်ငံ၏ ရှိရင်းစွဲသဘာဝကပေးသည့် စိုက်ပျိုးမွေးမြူရေး အခြေခံကောင်းများကို အသုံးချပြီး ကမ္ဘာပေါ်တွင် စားနပ်ရိက္ခာ အဓိကထုတ်လုပ်နိုင်သည့် နိုင်ငံဖြစ်စေရေး ဆောင်ရွက်နေကြောင်း၊ မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းထုတ်ကုန်များ တိုးတက်မြင့်မားလာစေရန်အတွက် စိုက်ပျိုးရေးနည်းစနစ်များနှင့်အတူ အခြေခံလိုအပ်ချက်ဖြစ်သည့် ဓာတ်မြေသြဇာထုတ်လုပ်ရေး၊ သဘာဝမြေသြဇာထုတ်လုပ်ရေး၊ အပင်အားဆေးနှင့် ပိုးသတ်ဆေးလိုအပ်ချက်များလည်း ရှိနေပါကြောင်း၊ ယင်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန် ဆက်သွယ်ဆောင်ရွက်နေသည့် ကုမ္ပဏီအဖွဲ့အစည်းများလည်းရှိကြောင်း၊ ပိုမိုတိုးတက်လုပ်ဆောင်ရန် မိမိတို့အနေဖြင့်လည်း လိုအပ်သည်များ ကူညီပေးရန် အသင့်ရှိကြောင်းနှင့် မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများအတွက် ယုံယုံကြည်ကြည်ဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် ဆောင်ရွက်နိုင်ပါကြောင်း ပြောကြားခဲ့ပါသည်။

EMBASSY OF MYANMAR, TOKYO





**နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်-မြန်မာရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။**

ထို့နောက် နိုင်ငံတော်စီမံနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကူမင်းမြို့ရှိ ယူနန်အသက်မွေးဝမ်းကျောင်းနှင့် စက်မှုလက်မှုနည်းပညာကောလိပ်နှင့် ကူမင်းသိပ္ပံနှင့် နည်းပညာ တက္ကသိုလ်တို့သို့ သွားရောက်လေ့လာကြည့်ရှုခဲ့ကြသည်။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ယူနန်အသက်မွေးဝမ်းကျောင်းနှင့် စက်မှုလက်မှုနည်းပညာကောလိပ် Electromechanical Training Centre အတွင်း အဆင့်မြင့်နည်းပညာအသုံးပြုစက်ကိရိယာများ ခင်းကျင်းပြသထားရှိမှုများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။**

EMBASSY OF MYANMAR TOKYO

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ကော်မတီအတွင်းရေးမှူး H.E. Mr. Wang Ning နှင့် နိုဝင်ဘာလ ၅ ရက်နေ့ ညနေပိုင်းတွင် ကူမင်းမြို့ရှိ Haigeng Hotel ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာ၌ မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အကြား စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် လျှပ်စစ်စွမ်းအင် ထုတ်လုပ်မှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ လူသားအရင်းအမြစ် လေ့ကျင့်မွေးထုတ်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီ အတွင်းရေးမှူး H.E. Mr. Wang Ning တို့ တွေ့ဆုံဆွေးနွေးစဉ်။**

နေပြည်တော် နိုဝင်ဘာ ၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ဖိတ်ကြားချက်အရ ထိပ်သီးအစည်းအဝေး တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang နှင့်အဖွဲ့အား ကူမင်းမြို့ရှိ Haigeng Garden Hotel ၌တွေ့ဆုံခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့တွေ့ဆုံမှု၌ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ဆွေမျိုးပေါက်ဖော် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များဆွေးနွေးကာ နှစ်နိုင်ငံအကြားသာမက ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့၌ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

"မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြသည့် နိုင်ငံပေါင်း ၅၂ နိုင်ငံအနက် တရုတ်နိုင်ငံသည် ဒုတိယအများဆုံးရင်းနှီးမြှုပ်နှံသည့် နိုင်ငံဖြစ်၍ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ၊ စီမံကိန်းများ နှင့် နိုင်ငံသားများ၏ လုံခြုံဘေးကင်းရေးကိုအထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊" နယ်စပ်ဒေသတည်ငြိမ်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် ဒေသနှင့်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်ပင်အရေးပါပြီး တည်ငြိမ်အေးချမ်းမှုရှိမှ သာလျှင် စီးပွားရေး၊ ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် နယ်စပ်ဒေသရှိ လက်နက်ကိုင်များ၏ အထောက်အပံ့များဖြစ်သည့် တရားမဝင်လုပ်ငန်းများ၊ တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်ရှင်းလင်း ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြား နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ် (၇) ခုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့၏ ရှေ့မှောက်၌ နှစ်နိုင်ငံများမှ တာဝန်ရှိသူများက လဲလှယ် ခဲ့ကြပါသည်။

EMBASSY OF MYANMAR, TOKYO



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang တို့ တွေ့ဆုံဆွေးနွေးစဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang တာဝန်ရှိသူများနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြား နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ် လဲလှယ်ပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

နေပြည်တော် နိုဝင်ဘာ ၇

အင်္ဂမအကြိမ်မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး (8th Greater Mekong Subregion Summit) ကို နိုဝင်ဘာလ ၇ ရက်၊ နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ ဟိုင်ဂန် ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပါဝင်တက်ရောက်ခဲ့သည်။

အဋ္ဌမအကြိမ်မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးကို "နိုင်ငံခေါင်းဆောင်များ သီးသန့်အစည်းအဝေး" နှင့် "မျက်နှာစုံညီအစည်းအဝေး" ဟူ၍ အပိုင်းနှစ်ပိုင်းဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

ပထမပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်မှ အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် နိုင်ငံခေါင်းဆောင်များမှ "ဆန်းသစ်တီထွင်မှုဖော်ဆောင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့် ဒေသတွင်းပေါင်းစည်းဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များနှင့် ပြင်ဆင် ထားသည့် ကိစ္စရပ်များအပေါ် အကြံပြုဆွေးနွေးခဲ့ကြပါသည်။

EMBASSY OF MYANMAR

ထိုသို့ဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတစ်နိုင်ငံအတွက် ဆန်းသစ်တီထွင်မှုကို ဖော်ဆောင်ရာတွင် အုပ်ချုပ်မှုယန္တရားအဖြစ် လုပ်ငန်း အဖွဲ့၊ ဖိုရမ် စသည်ဖြင့် ဆောင်ရွက်မည့်အစီအမံများ စနစ်တကျရှိရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီကို ဖွဲ့စည်းထားပြီး ဆန်းသစ်တီထွင်မှု ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံများနှင့် ဖွဲ့စည်းထားသည့် ဂျီအမ်အက်စ်ဒေသခွဲ အနေဖြင့် စိုက်ပျိုးစီးပွားပိုမိုတိုးတက် ထွန်းကားလာရန်နှင့် စားနပ်ရိက္ခာဖူလုံရန်အတွက် ဆန်းသစ်တီထွင်မှုနှင့် အရှိန်မြှင့်တင်ရမည့်ပင်ဖြစ်ကြောင်း၊ ဂျီအမ်အက်စ်အစီအစဉ်၏ ကဏ္ဍ အားလုံးကို ဆန်းသစ်တီထွင်မှု မဟာဗျူဟာနှင့် ချိတ်ဆက်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ မဟာဗျူဟာအရ အထူးသဖြင့် စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍတို့ကို ဦးစားပေး ဆောင်ရွက်သွားမည်ဆိုသည့် လုပ်ငန်းစဉ်ကလည်း ဒေသတွင်း လိုအပ်ချက်အရ များစွာသင့်တော်ကြောင်း။

ကမ္ဘာ့လူဦးရေသည် ယခု ၈ ဒသမ ၃ ဘီလီယံရှိပြီး ၂၀၃၀ တွင် ၈ ဒသမ ၆ ဘီလီယံ၊ ၂၀၃၅ တွင် ၈ ဒသမ ၉ ဘီလီယံရှိမည်ဟု ခန့်မှန်းထားကြောင်း၊ ရိက္ခာဖူလုံမှုပြဿနာသည် ပိုမိုကြီးမား လာဖွယ်ပင်ရှိကြောင်း၊ စားနပ်ရိက္ခာထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဖြန့်ဖြူးမှုတို့သည် နိုင်ငံတစ်နိုင်ငံ ၏ နယ်နိမိတ်အတွင်းမှသာ ဆောင်ရွက်နေခြင်း မဟုတ်သည့်အတွက် စားနပ်ရိက္ခာဖူလုံမှုကို စဉ်းစားပါက ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူထုတ်ကုန်များကို ခေတ်မီနည်းစနစ်များ အသုံးပြုပြီး ပြည်သူများ၏ စားနပ်ရိက္ခာ ဖူလုံစေရန်အတွက် အလေးထားဆောင်ရွက် ပေးလျက် ရှိကြောင်း၊ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံသည် ကမ္ဘာ့ဆန်တင်ပို့မှုအများဆုံးနိုင်ငံထဲတွင် အဆင့် (၈) ဖြစ်ပြီး ပဲတင်ပို့မှုတွင် အဆင့်(၂) ရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုသာမက ပို့ကုန်တိုးမြှင့် တင်ပို့နိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

လက်ရှိနိုင်ငံအချင်းချင်းနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များ အပါအဝင် အခြားသော နိုင်ငံတကာ ကတိကဝတ်များကို အကောင်အထည်ဖော်ရာတွင် မြန်မာ နိုင်ငံအနေဖြင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ ပါသည်။

EMBASSY OF MYANMAR, TOKYO




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဋ္ဌမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၏ နိုင်ငံ့ခေါင်းဆောင်များ မျက်နှာစုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**




**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။**




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံခေါင်းဆောင်များ မျက်နှာစုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၇

(၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေး (10th Ayeyawady-Chao Phraya-Mekong Economic Cooperation Startegy (ACMECS)) ကို နိုဝင်ဘာလ ၇ ရက်နေ့ မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့ရှိ Wyndham Grand Hotel ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပါဝင်တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးက အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် အက်မက်စ်နိုင်ငံများအား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များမှတစ်ဆင့် လူမှု-ယဉ်ကျေးမှုဆိုင်ရာ ထိတွေ့ဆက်ဆံမှုများကို မြင့်တင်ရန်နှင့် မိမိတို့သဘောတူညီထားသည့် "ငါးနိုင်ငံ၊ ခရီးစဉ်တစ်ခု" အစီအစဉ်ကို အကောင်အထည်ဖော်ပြီး ငြိမ်းချမ်း၍ အကျိုးစီးပွားဖြစ်ထွန်းသည့် အက်မက်စ်အဖွဲ့အစည်းတည်ဆောက်ရေးကို အားပေးဖို့ ဆန္ဒပြုလိုကြောင်း။

မြန်မာနိုင်ငံသည် မဲခေါင်ဒေသခွဲအတွင်းရှိ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အထူးအလေးထား ဦးစားပေးဆောင်ရွက် လျက်ရှိသည်နှင့်အညီ အက်မက်စ်မူဘောင်အောက်တွင် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ ထားရှိခဲ့သည့် ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်းပီသမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှုနှင့် အကျိုးအမြတ်မျှဝေမှုတို့အပေါ်တွင်အခြေခံပြီး တက်ကြွစွာ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့် လာအိုနိုင်ငံဝန်ကြီးချုပ်တို့မှ အမှာစကားပြောကြားပြီး နယူးဇီလန်နိုင်ငံကို ဒုတိယအသုတ် အက်မက်စ်ဖွံ့ဖြိုးတိုးတက်မှုနိုင်ငံအဖြစ် အတည်ပြုကြေညာ၍ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေး၏ "ဗီယင်ကျန်းကြေညာစာတမ်း"ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

EMBASSY OF MYANMAR, TOKYO

ယင်းနောက် လာအိုနိုင်ငံဝန်ကြီးချုပ်က အက်မက်စ် အလှည့်ကျဥက္ကဋ္ဌ တာဝန်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။



**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား (အက်မက်စ်)ထိပ်သီးအစည်းအဝေး ဥက္ကဋ္ဌ လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone က ကြိုဆိုနှုတ်ဆက်စဉ်။**

EMBASSY OF MY




**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပပြုလုပ်သည့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်လာသော ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarn Shinawatra နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုဝင်ဘာလ ၇ ရက် မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပပြုလုပ်သည့် အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်လာသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarn Shinawatra နှင့် ကူမင်းမြို့ရှိ Wyndham Grand ဟိုတယ်၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ခွဲခြား၍ မရသည့် အိမ်နီးချင်း မိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး တစ်နိုင်ငံ၏အရေးကိစ္စသည် တစ်နိုင်ငံအပေါ် သက်ရောက်မှု ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်

EMBASSY OF MYANMAR

ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ ဝန်ကြီးဌာနအချင်းချင်းတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုနှင့် ချမှတ်ထားသည့် ဦးတည်ချက် များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ လွတ်လပ်၍ တရားမျှတ သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေး ခဲ့ကြပါသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarn Shinawatra တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**


## နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်၊ ချုံချင့်မြို့နီစီပယ် ပါတီကော်မတီ အတွင်းရေးမှူး Mr. Yuan Jiajun နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ချုံချင့်မြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ကွန်မြူနစ် ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်၊ ချုံချင့်မြို့နီစီပယ် ပါတီကော်မတီ အတွင်းရေးမှူး Mr. Yuan Jiajun နှင့် Yuzhou Hotel ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာ၌ ချုံချင့်မြို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အချက်အချာ ကျသည့်နေရာတွင် တည်ရှိပြီး ခေတ်အဆက်ဆက် ပြောင်းလဲတိုးတက်လာမှု အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ချုံချင့်မြို့သို့ ခရီးစဉ်လာရောက်မှုသည် မြန်မာ-ချုံချင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၏ လမ်းစတစ်ခု ဖြစ်သည့် အခြေအနေများနှင့် ချုံချင့်မြို့နယ်အနေဖြင့် ၎င်းတို့၏နည်းပညာအားသာချက်များ၊ လမ်းပန်းဆက်သွယ်မှု အချက်အချာကျသည့် အားသာချက်များအပေါ်တွင် မူတည်၍ မြန်မာနိုင်ငံ နှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အလားအလာများ၊ မြန်မာနိုင်ငံနှင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ယဉ်ကျေးမှုဖလှယ်မှုများ၊ ပညာရေးကဏ္ဍနှင့် ခရီးသွားကဏ္ဍမြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

EMBASSY OF MYANMAR, TOKYO



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ် ပါတီကော်မတီ အတွင်းရေးမှူး Mr. Yuan Jiajun နှင့် တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ် ပါတီကော်မတီ အတွင်းရေးမှူး Mr. Yuan Jiajun ကလိုက်လံနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကမြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

(၁၂-၁၁-၂၀၂၄ရက်၊ နေပြည်တော်)

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဘရာဇီးလ် ဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂူစထာဗို ရော်ချာ ဒီ မင်နင်းဇီးစ်အား ၁၂-၁၁-၂၀၂၄ ရက် (၁၃၀၀) နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဘရာဇီးလ် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်မှုတိုက်ဖျက်ရေး မဟာမိတ်အဖွဲ့ဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-ဘရာဇီးလ် နှစ်နိုင်ငံအကြား စတုတ္ထကြိမ်မြောက် နိုင်ငံရေးရာဆွေးနွေးပွဲကျင်းပနိုင်ရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာ-ဘရာဇီးလ် နှစ်နိုင်ငံပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အပါအဝင် နှစ်နိုင်ငံအပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် အလားလာရှိသော ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍများတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။



## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ရှိ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ရုံးချုပ်မှ ဒုတိယအမှုဆောင် ညွှန်ကြားရေးမှူး Mr. Edward Chaker Chaiban ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

(၁၂-၁၁-၂၀၂၄ ရက်၊ နေပြည်တော်)

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ က အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ရှိ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ရုံးချုပ်မှ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Mr. Edward Chaker Chaiban ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်၊ ၁၀၃၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရနှင့် UNICEF တို့အကြား လက်ရှိ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၌ UNICEF ၏ ရှေ့ဆက်ဆောင်ရွက်မည့် ကိစ္စရပ်များအပေါ် အ မြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။



## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေအဖွဲ့ (Global Fund) မှ Senior Fund Portfolio Manager ဖြစ်သူ Ms. Maria Izaskun Gaviria Ayucar အား လက်ခံတွေ့ဆုံ

(၂၀-၁၁-၂၀၂၄ရက်၊ နေပြည်တော်)

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေအဖွဲ့ (Global Fund to Fight AIDS, Tuberculosis and Malaria - Global Fund) မှ Senior Fund Portfolio Manager ဖြစ်သူ Ms. Maria Izaskun Gaviria Ayucar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၊ ၁၁၀၀ နာရီအချိန်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ Global Fund က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး၊ မြန်မာနိုင်ငံနှင့် Global Fund တို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပါသည်။




**ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေအဖွဲ့ Senior Fund Portfolio Manager ဖြစ်သူ Ms. Maria Izaskun Gaviria Ayucar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။**

EMBASSY OF MYANMAR, TOKYO

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (United Nations World Food Programme - WFP) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်က ခန့်အပ်လွှာ လာရောက်ပေးအပ်

(၂၀-၁၁-၂၀၂၄ရက်၊ နေပြည်တော်)

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (United Nations World Food Programme - WFP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်မည့် Mr. Michael John Dunford က နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် ၁၀:၀၀ နာရီတွင် ၎င်း၏ ခန့်အပ်လွှာကို လာရောက်ပေးအပ်ခဲ့သည်။

ထိုသို့ လာရောက်ပေးအပ်စဉ် WFP က မြန်မာနိုင်ငံတွင် လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသောကိစ္စများနှင့် ပတ်သက်၍ WFP မှ မြန်မာနိုင်ငံ၌ ရှေ့ဆက်ဆောင်ရွက်မည့်ကိစ္စများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။




**(United Nations World Food Programme - WFP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Michael John Dunford မှ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံ ခန့်အပ်လွှာလာရောက်ပေးအပ်စဉ်။**




**ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေမှ (United Nations World Food Programme - WFP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Michael John Dunford အား လက်ခံတွေ့ဆုံစဉ်။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr. Pyotr ILYICHEV အား လက်ခံတွေ့ဆုံ

(၂၀-၁၁-၂၀၂၄ ရက်၊ နေပြည်တော်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦး သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့ အစည်းများဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr. Pyotr ILYICHEV အား ၂၀-၁၁-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) ၊ (၁၃၃၀) နာရီအချိန်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံ တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ရှိရင်းစွဲ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြ

သည်။ ထို့နောက် မြန်မာ-ရုရှား၊ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညွှန်ကြားရေးမှူးချုပ်အဆင့်ဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ရာ နှစ်နိုင်ငံအကြား ကုလသမဂ္ဂနှင့် နိုင်ငံတကာမျက်နှာစာ၌ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။




**နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦး သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr. Pyotr ILYICHEV အားလက်ခံတွေ့ဆုံစဉ်။**

## The 2024 KYOTO PRIZE ဆုပေးပွဲ အခမ်းအနားသို့ မြန်မာသံအမတ်ကြီး ပါဝင်တက်ရောက်

(၁၁-၁၁-၂၀၂၄ ရက်၊ တိုကျို)

The 2024 KYOTO PRIZE ဆုပေးပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်တွင် ကျိုတိုမြို့ Kyoto International Conference Center ၌ ကျင်းပပြုလုပ်ရာ The 2024 KYOTO PRIZE ချီးမြှင့်သည့် Inamori Foundation ၏ Chairman Mr. Shigetada Nakanishi နှင့် President ဖြစ်သူ Mrs. Shinobu Inamori Kanazawa တို့၏ ဖိတ်ကြားချက်အရ သံအမတ်ကြီး ဦးစိုးဟန် ပါဝင်တက်ရောက်ခဲ့ပါသည်။

အဆိုပါ ဆုပေးပွဲအခမ်းအနားသို့ ဂျပန်နိုင်ငံအခြေစိုက် သံရုံးများမှ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများ၊ ကောင်စစ်ဝန်ချုပ်များ၊ သံတမန်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ

ပါဝင်တက်ရောက်ခဲ့ကြပါသည်။ The 2024 KYOTO PRIZE သည် Kyocera Corporation ကို တည်ထောင်သူ Mr. Kazuo Inamori မှ ၁၉၈၄ ခုနှစ်တွင် Inamori Foundation ကို တည်ထောင်၍ ချီးမြှင့်သည့် ဆုတစ်ဆုဖြစ်ပြီး Inamori Foundation သည် The KYOTO PRIZE အပြင် သုတေသနလုပ်ငန်းများအတွက် ထောက်ပံ့ခြင်းနှင့် လူမှုဘဝဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းဖြစ်ပါသည်။ The 2024 KYOTO PRIZE ကို ဆုအမျိုးအစား (၃)မျိုးဖြင့် ချီးမြှင့်ခဲ့ရာ ယခုနှစ်အတွက် အဆင့်မြင့် နည်းပညာကဏ္ဍတွင် Mr.John Pendry မှလည်းကောင်း၊ အခြေခံသိပ္ပံပညာကဏ္ဍတွင် Mr. Paul F.Hoffman မှလည်းကောင်း၊ အနုပညာနှင့် ဒဿနိကကဏ္ဍတွင် Mr.William Forsythe တို့မှ လည်းကောင်း၊ အသီးသီးရရှိခဲ့ပါသည်။

ဆုရရှိသူများအား Inamori Foundation မှ တာဝန်ရှိသူများမှ ဆုချီးမြှင့်ပြီးနောက် ဆက်လက်၍ The Prince Kyoto Takaragaike ဟိုတယ်တွင် ကျင်းပပြုလုပ်သည့် The 2024 Kyoto Prize Banquet ညစာစားပွဲသို့ သံအမတ်ကြီးသည် ပါဝင်တက်ရောက်ခဲ့ပါသည်။




**The 2024 KYOTO PRIZE ဆုပေးပွဲအခမ်းအနားသို့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန် ပါဝင်တက်ရောက်စဉ်။**





အဆင့်မြင့် နည်းပညာကဏ္ဍတွင်ထူးချွန်သူ Mr. John Pendry မှ ဆုလက်ခံရယူစဉ်။

# (၃၂၃) ကြိမ်မြောက် အာဆီယံကော်မတီ (တိုကျို)အစည်းအဝေးသို့ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ပါဝင်တက်ရောက်

(၁၆-၁၁-၂၀၂၄ ရက်၊ တိုကျို)

တိုကျိုမြို့အခြေစိုက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများဖြင့် ဖွဲ့စည်းထားသည့် အာဆီယံကော်မတီ(တိုကျို)၏ (၃၂၃) ကြိမ်မြောက်အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်တွင် အာဆီယံကော်မတီ(တိုကျို) ဥက္ကဋ္ဌ ဖြစ်သော ဂျပန်နိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး Mrs. Phongsamouth ANLAVAN က ကြီးမှူး၍ လာအိုသံရုံး၌ ကျင်းပပြုလုပ်ခဲ့ရာ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဦးစိုးဟန်သည် ကျန်အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့်အတူ ပါဝင်တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် ဂျပန်နိုင်ငံ၏ ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုများ၊ ဒေသတွင်းဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ အာဆီယံကော်မတီ(တိုကျို)မှ ဦးဆောင်ကျင်းပမည့် လှုပ်ရှားမှုများဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် အဆိုပါအစည်းအဝေးနှင့်တစ်ဆက်စပ်တည်း အာဆီယံသံအမတ်ကြီးများနှင့် ဂျပန်နိုင်ငံ၊ ပြန်လည်ထူထောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Yoshimasa UNO တို့အကြား Dinner Talk ကို ဆက်လက်ကျင်းပခဲ့ပါသည်။ အဆိုပါ Dinner Talk တွင် H.E. Mr. Yoshimasa UNO က ဂျပန်နိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခံစားရစဉ် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ခဲ့မှု လုပ်ငန်းစဉ်များ၊ သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးနှင့်ပတ်သက်၍ အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများစသည့် ဂျပန်နိုင်ငံ၏ ပြန်လည်ထူထောင်ရေးဆိုင်ရာ အတွေ့အကြုံများအား ရှင်းလင်းပြောကြားခဲ့ပြီး၊ အာဆီယံသံအမတ်ကြီးများမှ သဘာဝ ဘေးအန္တရာယ်ကြုံတွေ့ရပါက ဂျပန်နိုင်ငံတွင် ရောက်ရှိနေသည့် အာဆီယံနိုင်ငံများမှ နိုင်ငံသားများအား ကူညီကယ်ဆယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှုများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

EMBASSY OF MYANMAR, TOKYO




အာဆီယံကော်မတီ(တိုကျို)၏ (၃၂၃) ကြိမ်မြောက်အစည်းအဝေးသို့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ပါဝင်တက်ရောက်စဉ်။






## မြန်မာသံရုံး၊ တိုကျိုမြို့တွင် မြန်မာ့ယဉ်ကျေးမှုနှင့် ရိုးရာအစားအစာနေ့ (Myanmar Culture and Cuisine Day) အခမ်းအနားကျင်းပပြုလုပ်

(၂၂-၁၁-၂၀၂၄ ရက်၊တိုကျို)

မြန်မာနိုင်ငံ၏ ရိုးရာယဉ်ကျေးမှု အစဉ်အလာများ၊ မြန်မာ့ရိုးရာ အစားအသောက်များအား ဂျပန်နိုင်ငံသားများနှင့် ဂျပန်နိုင်ငံအခြေစိုက် သံတမန်များအကြား ပိုမိုကျယ်ပြန့်စွာ သိရှိလာစေရေး ရည်ရွယ်ချက်ဖြင့် မြန်မာသံရုံး၊ တိုကျိုမြို့သည် မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် အစားအစာနေ့ (Myanmar Culture and Cuisine Day) အခမ်းအနားအား ၂၂-၁၁-၂၀၂၄ ရက်နေ့ (သောကြာနေ့)၊ (၁၀၀၀)နာရီ မှ (၁၃၀၀)နာရီအထိ မြန်မာသံရုံး၊ တိုကျိုမြို့၊ ဧရာဝတီခန်းမကြီး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ အာဆီယံသံရုံးများအပါအဝင် ဂျပန်နိုင်ငံအခြေစိုက် နိုင်ငံခြား သံရုံးများမှ သံအမတ်ကြီးများ၊ သံအမတ်ကြီး များ၏ဇနီးများ၊ သံတမန်များ၊ ဂျပန်လွှတ်တော်

အမတ်များ၊ အာဆီယံ-ဂျပန် စင်တာ (ASEAN-Japan Center) ၏ အတွင်းရေးမှူးချုပ် Dr. Kunihiko Hiyabayashi နှင့်ဇနီး၊ Asia-Pacific Ladies Friendship Society (ALFS) ၊ Tokyo Women's Club ၊ Ikebana International Tokyo Founding Chapter၊ တို့မှ ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်ဒါရိုက်တာများ၊ အဖွဲ့ဝင်များ၊ ဂျပန်စီးပွားရေး လုပ်ငန်းရှင်များ၊ ချစ်ကြည်ရေးအသင်းများမှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ၏ တက္ကသိုလ်များမှ ပါမောက္ခများနှင့် ကျောင်းသူကျောင်းသားများ၊ ဂျပန်နိုင်ငံတွင် ပညာသင်ကြားနေကြသည့် ဝန်ကြီးဌာန အသီးသီးမှ မြန်မာအစိုးရပညာသင်များ၊ ဂျပန်နှင့် မြန်မာမိတ်ဆွေများ စုစုပေါင်း (၂၃၀) ကျော် တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ပထမဦးစွာ သံအမတ်ကြီး ဦးစိုးဟန်နှင့် ဇနီး ဒေါ်လွဲလွဲဝါတို့မှ ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ကြပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ရိုက်ကူးထားသည့် Friendly Myanmar ဗွီဒီယိုနှင့် မြန်မာ့ရိုးရာ အုန်းနို့ခေါက်ဆွဲ ချက်ပြုတ်ခြင်း ဗွီဒီယိုများအား ပြသခဲ့ပါသည်။ ဆက်လက်၍ မြန်မာနိုင်ငံမှ ဆိုကရေးတီးရွှေတံဆိပ်ဆုရှင် မမြတ်ဝတ်ရည်ထွန်းမှ ပုဂံအက၊ အပျိုတော်အက၊ မြမန်းဂီရိသီချင်း၊ မြန်မာ့စိတ်ရင်း၊ မြန်မာ့ရှုခင်းသီချင်းတို့အား စောင်းဖြင့် တီးခတ်သီဆိုဖျော်ဖြေခြင်း၊ မြန်မာနိုင်ငံမှ ခြင်းလုံးအလှမယ် မမေဦးခင်မှ ခြင်းလုံးဖြင့်ကပြဖျော်ဖြေခြင်း၊ မြန်မာသံရုံး၊ စစ်သံရုံးမှ အမျိုးသမီးငယ်လေးများမှ "ထာဝရမြန်မာ" အကဖြင့် ကပြဖျော်ဖြေခြင်း၊ ဂျပန်နိုင်ငံ၌ သင်တန်းတက်ရောက်လျက်ရှိသော မြန်မာသမီးပျိုလေးများမှ ပအို့ဝ်ရိုးရာအက၊ ဂျပန်နိုင်ငံရှိ Manjushaka အကအဖွဲ့မှ အကပညာရှင်များက ဂျပန်ရိုးရာအကဖြင့် ကပြဖျော်ဖြေခြင်းစသည့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ပြသခဲ့ပါသည်။

ထို့နောက် ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေခဲ့ကြသူများအား ဂုဏ်ပြုပန်းခြင်းများကို သံအမတ်ကြီး ဦးစိုးဟန်နှင့် ဇနီး၊ ဂျပန်နိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများ၏ သံအမတ်ကြီးများ၊ ASEAN-Japan Center ၏ အတွင်းရေးမှူးချုပ်နှင့် ဇနီးတို့မှ အသီးသီးပေးအပ်ခဲ့ကြပါသည်။ ထို့နောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များအား မြန်မာ့ရိုးရာအစားအစာများဖြစ်သည့် အုန်းနို့ခေါက်ဆွဲ၊ လက်ဖက်သုပ်၊ မြန်မာလဘက်ရည်နှင့် မြန်မာ့ရိုးရာ မုန့်မျိုးစုံတို့ဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အခမ်းအနားအား (၁၃၀၀) နာရီတွင် အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

EMBASSY OF MYANMAR, TOKYO




ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်မှ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။




သံအမတ်ကြီးဇနီး ဒေါ်လဲ့လဲ့ဝါမှ နှုတ်ခွန်းဆက်စကားပြောကြားစဉ်။




မြန်မာသံရုံး၊ စစ်သံရုံးမှ အမျိုးသမီးငယ်လေးများမှ "ထာဝရမြန်မာ" အကဖြင့် ကပြဖျော်ဖြေစဉ်။




မြန်မာနိုင်ငံမှ ဆိုကရေးတီးရွှေတံဆိပ်ဆုရှင် မမြတ်ဝတ်ရည်ထွန်းမှ ပုဂံအကဖြင့် ကပြဖျော်ဖြေစဉ်။




မြန်မာနိုင်ငံမှ ခြင်းလုံးအလှမယ် မမေဦးခင်မှ ခြင်းလုံးဖြင့်ကပြဖျော်ဖြေစဉ်။



ပအိုဝ့်တိုင်းရင်းသူလေးများမှ ပအိုဝ့်ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်စဉ်။



**Manjushaka အကအဖွဲ့မှ ဂျပန်ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်စဉ်။**



**စောင်းတူရိယာဖြင့် ဖျော်ဖြေတင်ဆက်စဉ်။**



**Manjushaka အကအဖွဲ့မှ ဂျပန်ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်စဉ်။**



သံအမတ်ကြီးနှင့်ဇနီးမှ Ms. Mamarosa အား ဂုဏ်ပြုပန်းစည်းပေးအပ်စဉ်



လာအိုသံအမတ်ကြီးမှ ခြင်းလုံးအလှမယ် မမေဦးခင်အား ဂုဏ်ပြုပန်းစည်းပေးအပ်စဉ်။



အီသီယိုးပီးယားသံအမတ်ကြီးမှ မမြတ်ဝတ်ရည်ထွန်းအား ဂုဏ်ပြုပန်းစည်းပေးအပ်စဉ်။



အာဆီယံ-ဂျပန်အတွင်းရေးမှူးချုပ်နှင့်ဇနီးမှ ပအိုဝ်တိုင်းရင်းသူအဖွဲ့အား ဂုဏ်ပြုပန်းစည်းပေးအပ်စဉ်



နီဂါရာဂွာ သံအမတ်ကြီးမှ မြန်မာသံရုံး၊ စစ်သံရုံးအကအဖွဲ့အား ဂုဏ်ပြုပန်းစည်းပေးအပ်စဉ်



မြန်မာရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံစဉ်။



မြန်မာရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံစဉ်။



မြန်မာရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံစဉ်။



မြန်မာရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံစဉ်။

EMBASSY OF ... TOKYO



ဧည့်သည်တော်တစ်ဦးမှ မြန်မာ့စောင်းတူရိယာအား စိတ်ပါဝင်စားစွာ စမ်းသပ်တီးခတ်နေစဉ်။



စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ကူးစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် သည် ရန်ကုန်မြို့ရှိ ဖိလစ်ပိုင်သံရုံး၊ သံရုံးယာယီတာဝန်ခံဖြစ်သူ မစ္စတာ အန်နရီကဲ ဘိုလ်တဲ ပင်ဒို အား လက်ခံတွေ့ဆုံ

(၁၂-၁၁-၂၀၂၄ရက်၊ နေပြည်တော်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် သည် ရန်ကုန်မြို့ရှိ ဖိလစ်ပိုင်သံရုံး၊ သံရုံးယာယီတာဝန်ခံဖြစ်သူ မစ္စတာ အန်နရီကဲ ဘိုလ်တဲ ပင်ဒို အား ၁၂-၁၁-၂၀၂၄ ရက် (အင်္ဂါနေ့)၊ ၁၄၁၅ နာရီအချိန်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီး ဌာနတွင် လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဖိလစ်ပိုင်နှစ်နိုင်ငံအကြား တည်ရှိသည့် နှစ်နိုင်ငံဆက်ဆံရေး ကို ပိုမိုမြှင့်တင်သွားရေး၊ နှစ်နိုင်ငံဘုံအကျိုးစီးပွားဖြစ်ထွန်းစေမည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်သွားရေးနှင့် မြန်မာနိုင်ငံရှိ ဖိလစ်ပိုင်နိုင်ငံသားများအတွက် ကောင်စစ်ဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။




## အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်

(၂၃-၁၁-၂၀၂၄ ရက်၊ နေပြည်တော်)

(၁၈) ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး၌ မြန်မာနိုင်ငံ၏ ရပ်တည်ချက်သည် အာဆီယံ၏ အချက်အချာကျမှုနှင့် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးအပေါ် အများယုံကြည်လက်ခံနိုင်မှုတို့ကို ထိခိုက်စေကြောင်း အချို့ပြည်ပသတင်းများ တွင် အထင်လွဲမှားစွာ ထုတ်ပြန်ဖော်ပြခဲ့သည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံသည် တာဝန်သိအာဆီယံ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် အာဆီယံကာကွယ်ရေး ဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံကာကွယ်ရေး ဝန်ကြီးများအပေါင်း

အစည်းအဝေးကဲ့သို့ အာဆီယံနှင့် အာဆီယံဦးဆောင်သည့် ယန္တရားများတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံသည် တန်းတူကိုယ်စားပြု တက်ရောက်ခွင့်မရသော်လည်း အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံကာကွယ်ရေးဝန်ကြီးများအပေါင်း အစည်းအဝေးများတွင် အပြုသဘော ပါဝင်တက်ရောက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာ တန်းတူရည်တူရှိမှု၊ အဖွဲ့ဝင်တစ်နိုင်ငံ၏ ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်မှုနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်မှုတို့ကို အလေးထား လျက် အာဆီယံပဋိညာဉ်စာတမ်းနှင့် အရှေ့တောင်အာရှချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက် ရေးစာချုပ်တွင် ဖော်ပြထားသော အာဆီယံ၏ အခြေခံမူများနှင့် စံနှုန်းများကို အစဉ်တစိုက် လေးစား လိုက်နာတန်ဖိုးထားပါသည်။

ထို့ပြင် အာဆီယံ၏ အချက်အချာကျမှုနှင့် အများယုံကြည်လက်ခံနိုင်မှုကို အစဉ်မြင့်တင် လျက်ရှိပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အပေါင်းနိုင်ငံများအကြား ဒေသတွင်း ကာကွယ်ရေး ဆိုင်ရာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးကို မြှင့်တင်ရာတွင် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး ၏ လုပ်ငန်းစဉ်များကို အပြုသဘော ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသည် အာဆီယံ၏ အချက်အချာကျမှုကို ဟန့်တားနေကြောင်း၊ အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးကို ခက်ခဲသည့် အခြေအနေရောက်အောင် တွန်းပို့နေကြောင်း သတင်းမီဒီယာအချို့၏ စွပ်စွဲချက်များကို မြန်မာနိုင်ငံအနေဖြင့် လက်မခံ ပယ်ချပါသည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုကို လိုလားပါသည်။ မြန်မာနိုင်ငံသည် အာဆီယံ ပဋိညာဉ်စာတမ်း၊ အာဆီယံစိတ်ဓာတ်နှင့် အာဆီယံလမ်းစဉ်တို့ကို အခြေခံလျက် အာဆီယံကာကွယ်ရေး ဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံကာကွယ်ရေးဝန်ကြီးများ အပေါင်းအစည်းအဝေးများ အပါအဝင် အာဆီယံ ဦးဆောင်သည့် ယန္တရားများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် လည်းကောင်း၊ အာဆီယံအပေါင်းနိုင်ငံများနှင့် လည်းကောင်း နီးကပ်စွာ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

EMBASSY OF MYANMAR, TOKYO

# မြန်မာသံရုံး၊ တိုကျိုမြို့တွင် မြန်မာတိုင်းရင်းသားဝတ်စုံများဖြင့် ဂျပန်ရိုးရာအိတ်များ ကိုင်ဆောင် အလှပြပွဲ အခမ်းအနား ကျင်းပပြုလုပ်

(၁၂-၁၁-၂၀၂၄ ရက် ၊ တိုကျို)

မြန်မာ-ဂျပန်နှစ်နိုင်ငံအကြား ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့် နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေး ရည်ရွယ်ချက်ဖြင့် မြန်မာသံရုံး၊ တိုကျိုမြို့နှင့် ဂျပန်ရိုးရာအိတ် နည်းပြ ဆရာမကြီး Mrs. Osawa Michiyo တို့ပူးပေါင်း၍ မြန်မာသံရုံး၊ တိုကျိုမြို့တွင် ၁၂-၁၁-၂၀၂၄ ရက် (အင်္ဂါနေ့)၊ နံနက် ၁၁၀၀ နာရီမှ ၁၂၀၀ နာရီအထိ မြန်မာတိုင်းရင်းသားဝတ်စုံများဖြင့် ဂျပန်ရိုးရာ အိတ်များကိုင်ဆောင်အလှပြပွဲအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် သံအမတ်ကြီး၏ဇနီး ဒေါ်လွဲ့လွဲ့ဝါနှင့် ဂျပန်နည်းပြ ဆရာမကြီး Mrs. Osawa Michiyo တို့က အဖွင့်စကားများ အသီးသီးပြောကြားခဲ့ကြပါသည်။ ထို့နောက် မြန်မာတိုင်းရင်းသားဝတ်စုံများ ဝတ်ဆင်ထားသည့် မြန်မာအမျိုးသမီးငယ်များနှင့် ကီမိုနို ဝတ်ဆင်ထားသည့် ဂျပန်အမျိုးသမီးများမှ ဆရာမကြီး Mrs. Osawa Michiyo ပြုလုပ်သည့် ဂျပန်ရိုးရာအိတ်များ ကိုင်ဆောင်ကာ အလှပြ လမ်းလျှောက်ခဲ့ကြပါသည်။ ထို့နောက် သံအမတ်ကြီး ဦးစိုးဟန်နှင့် ဇနီးဒေါ်လွဲ့လွဲ့ဝါ တို့က Mrs. Osawa Michiyo အား ဂုဏ်ပြုပန်းစည်း ပေးအပ်ခဲ့ပြီး၊ Mrs. Osawa Michiyo မှ အလှပြသခဲ့သည့် အမျိုးသမီးငယ်များအား ဂုဏ်ပြု ပန်းစည်းပေးအပ်ခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသည့် ဧည့်သည်တော်များအား မြန်မာ သံရုံးမှ မုန့်ဟင်းခါး၊ မြန်မာရိုးရာမုန့်များ၊ မြန်မာလက်ဖက်ရည်စသည့် မြန်မာ့ရိုးရာ အစားအစာ များဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။ အဆိုပါ အခမ်းအနားတွင် တက်ရောက်လာသည့် ဧည့်သည် တော်များမှ မြန်မာရိုးရာယဉ်ကျေးမှုပစ္စည်းများနှင့် ဂျပန်ရိုးရာအိတ်များ ခင်းကျင်းပြသထားမှု ကိုလည်း ကြည့်ရှုခဲ့ကြပါသည်။

ထို့နောက် နေ့လယ်ပိုင်း ၁၃၀၀ နာရီမှ ၁၆၀၀ နာရီအထိ ဂျပန်နည်းပြဆရာမကြီး Mrs. Osawa Michiyo မှ မြန်မာ့ရိုးရာချည်ထည်များ အသုံးပြုကာ ဂျပန်ရိုးရာလဘက်ရည်ပွဲတွင် အသုံးပြုသည့် အိတ်ပြုလုပ်နည်းလက်မှုအတတ်ပညာ သင်ကြားပို့ချသည့် အစီအစဉ်ကို ဆက်လက်ပြုလုပ်ခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၏ ဇနီးများ၊ ဂျပန်လူမျိုးများ၊ ဂျပန်နိုင်ငံရှိ မြန်မာအသိုင်းအဝိုင်းတို့မှ ပါဝင်တက်ရောက်ခဲ့ကြ ပါသည်။

EMBASSY OF MYANMAR TOKYO




မြန်မာသံရုံး၊ စစ်သံရုံးမိသားစုဝင် အမျိုးသမီးငယ်များမှ မြန်မာတိုင်းရင်းသားဝတ်စုံများဖြင့်
ဂျပန်ရိုးရာအိတ်များ ကိုင်ဆောင်ကာအလှပြစဉ်။



မြန်မာသံရုံး၊ စစ်သံရုံးမိသားစုဝင် အမျိုးသမီးငယ်များမှ မြန်မာတိုင်းရင်းသားဝတ်စုံများဖြင့်
ဂျပန်ရိုးရာအိတ်များ ကိုင်ဆောင်ကာ အလှပြလမ်းလျှောက်စဉ်။



တက်ရောက်လာကြသည့် ဧည့်သည်တော်များမှ စိတ်ဝင်တစား ကြည့်ရှုအားပေးစဉ်။

EMBASSY OF MYANMAR




သံအမတ်ကြီးနှင့် ဇနီးတို့မှ ဂျပန်နည်းပြ ဆရာမကြီး Mrs. Osawa Michiyo အား အမှတ်တရ ပန်းစည်းပေးအပ်စဉ်။

# မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄ ဘဏ္ဍာနှစ် ပထမနှစ်ဝက်တွင် ပုဇွန်တန်ချိန် ၃,၀၀၀ ကျော်ကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ပထမနှစ်ဝက်တွင် အမေရိကန်ဒေါ်လာ ၁၂.၃၃ သန်း တန်ဖိုးရှိ ပုဇွန်တန်ချိန် ၃,၄၇၀ တန်ကျော်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း ငါးလုပ်ငန်း ဦးစီးဌာနမှ ထုတ်ပြန်ထားပါသည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အတွင်း အမေရိကန်ဒေါ်လာ ၈.၈၇ သန်းတန်ဖိုးရှိ ပုဇွန်တန်ချိန် ၂,၈၆၀ ကို ပင်လယ်ရေကြောင်းမှတစ်ဆင့်လည်းကောင်း၊ အမေရိကန် ဒေါ်လာ ၃.၄၇ သန်းတန်ဖိုးရှိ ပုဇွန်တန်ချိန် ၆၁၆.၉ တန်ကို နယ်စပ်မှတစ်ဆင့် လည်းကောင်း ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ရေထွက်ကုန်များကို ဂျပန်၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်နှင့် ထိုင်းနိုင်ငံများအပါအဝင် ပြည်ပနိုင်ငံ ၄၀ ကျော်သို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ဂိတ်များမှတစ်ဆင့် တင်ပို့လျက်ရှိပါသည်။ ၂၀၂၄ ဘဏ္ဍာနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ပထမနှစ်ဝက်တွင် မြန်မာနိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ ၁၇၆.၃ သန်းတန်ဖိုးရှိ ရေထွက်ကုန်တန်ချိန် ၁၆၀,၀၀၀ ကို ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့ပြီး၊ အမေရိကန်ဒေါ်လာ ၁၁၀ သန်းတန်ဖိုးရှိ ရေထွက်ကုန်တန်ချိန် ၈၂,၀၀၀ ကို ပင်လယ်ရေ ကြောင်းမှတစ်ဆင့်လည်းကောင်း၊ အမေရိကန် ဒေါ်လာ ၆၅ သန်းတန်ဖိုးရှိ ရေထွက်ကုန်တန်ချိန် ၇၈,၀၀၀ ကို နယ်စပ်ဂိတ်များမှ တစ်ဆင့် လည်းကောင်း တင်ပို့ခဲ့ပါသည်။

*Source: The Global New Light of Myanmar (29-10-2024)*

EMBASSY OF MYANMAR, TOKYO



EMBASSY OF MYANM